## ငွေးတောက်အိုင်ကျေးရွာအုပ်စု၊ ဒေါင်းမီးခွက်ကျေးရွာ

## လှည်းကူးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက် (၂၀၂၅-၂၀၂၆)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ
ဒေါင်းမီးခွက်ကျေးရွာ၊ ငွေးတောက်အိုင်ကျေးရွာအုပ်စု၊ လှည်းကူးမြို့နယ်
( သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၅ခုနှစ်၊ ဩဂုတ် လ (၁၈) ရက်

မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | စကားချီး | ၂ | ၃ |
| ၂ | ကျေးရွာ၏ သယံဇာတပြမြေပုံ | **၃** | **၃** |
| ၃ | ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန် | **၄** | **၄** |
| ၄ | ကျေးရွာ၏အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ | **၅** | **၅** |
| အပိုင်း(၁)<br>ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ | | | |
| ၆ | တည်နေရာနှင့် ပထဝီအနေအထား | **၆** | **၆** |
| ၇ | ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ | ၇ | ၇ |
| ၈ | ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ | ၇ | ၈ |
| ၉ | စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ | ၈ | ၈ |
| | **(**က) သီးနှံစိုက်ပျိုးရေး | ၈ | ၈ |
| | **(**ခ) မွေးမြူရေးလုပ်ငန်း | ၈ | ၉ |
| | **(**ဂ) ငါးလုပ်ငန်း | ၉ | ၉ |
| | **(**ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | ၉ | ၉ |
| | **(**င) ဘဏ်နှင့် ငွေးကြေးဆိုင်ရာဝန်ဆောင်မှု | ၉ | ၉ |
| ၁၀ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | ၉ | ၁၀ |
| ၁၁ | ပညာရေး | ၁၀ | ၁၀ |
| ၁၂ | ကျန်းမာရေး | ၁၀ | ၁၁ |
| ၁၃ | ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၁ | ၁၁ |
| ၁၄ | ကျား-မရေးရာ | ၁၁ | ၁၂ |

| | | | |
|---|---|---|---|
| ၁၅ | ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ | ၁၂ | ၁၃ |
| အပိုင်း (၂)<br>စီမံချက်ဆိုင်ရာအချက်အလက်များ | | | |
| ၁၆ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | ၁၄ | ၁၄ |
| ၁၇ | စီမံချက်ဆိုင်ရာ အချက်အလက်များ | ၁၅ | ၁၇ |
| နောက်ဆက်တွဲများ | | | |
| ၁၈ | ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | ၁၈ | ၇၃ |
| ၁၉ | ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား | ၇၄ | ၇၅ |


# စကားချီး

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်သည် ၂၀၂၅/၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၉/၂၀၃၀ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦး ဆုံးသော ကျေးရွာလူထုများကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများနှင့် ရန်ပုံငွေပံ့ပိုးပေး သော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လှည်းကူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ စီမံကိန်းတာဝန်ခံဝန်ထမ်းများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ထပ်ဆင့်ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သော နည်းလမ်းများနှင့် လုပ်ထုံးလုပ် နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်သော နည်း**လ**မ်းကို အသုံး ပြု၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အစီအစဉ်ရေးဆွဲနိုင်ရေးအတွက် ကျေးရွာ၏ ဖွံ့ဖြိုးရေးစိတ်ပါဝင်စားပြီး ရေးတတ်ဖတ်တတ်ကျွမ်းကျင်သူ ကျေးရွာ(၁)ရွာလျှင် လူငယ်(၂)ဦးစီအား မြို့နယ်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ သင်တန်းတက်ရောက်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံချက် များရေးဆွဲရာတွင် အထောက်အပံ့ဖြစ်စေရန် ပါဝင်ကူညီဆောင်ရွက်စေခဲ့**ပါသည်။** ဤလုပ်ငန်းစဉ်များကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်းများ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာန ဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေ အနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအခြေအနေများပါဝင်ပြီး၊ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဒေါင်းမီးခွက်ကျေးရွာ၊ဂွေးတောက်အိုင်ကျေးရွာအုပ်စု
လှည်းကူးမြို့နယ်

# လှည်းကူးမြို့နယ်၊ဒေါင်းမီးခွက်ကျေးရွာ သယံဇာတပြမြေပုံ



လှည်းကူးမြို့နယ်၊ဒေါင်းမီးခွက်ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်



လှည်းကူးမြို့နယ်၊ဒေါင်းမီးခွက်ကျေးရွာ  အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ



အပိုင်း(၁)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

(၁) တည်နေရာအနေအထားနှင့် ပထဝီအနေအထား

ဒေါင်းမီးခွက်ကျေးရွာသည် လှည်းကူးမြို့နယ်၏ အရှေ့မြောက်ဘက် (၂၀/၀)မိုင်ခန့် အကွာတွင်တည်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးအရ သွားလာရလွယ်ကူပြီး လှည်းကူးမြို့နယ်မှ ကားလမ်းဖြင့် သွားလာနိုင်ပြီး ရွာ၏ဘေးဘက်တွင်လယ်ကွင်းများ သာတည်ရှိပါသည်။ ကျေးရွာသည် မြေပြန့်ဒေသဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပါသည်။ စပါးသီးနှံများကိုသာ အဓိကထား စိုက်ပျိုးကြပါသည်။ မွေးမြူရေး လုပ်ငန်းအနေဖြင့် အိမ်ထောင်စုအနည်းငယ်သာမွေးမြူထားကြပြီး အခြားဝင်ငွေရလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စုမရှိပါ။ ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မ ၆၀ မှ ၇၀ ဝန်းကျင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများ

ဆောင်ရွက်ရန်အတွက်များစွာ အထောက်အကူပြုသည်။ ကျေးရွာတည်ရှိမှုသည် မြေပြန့်ဒေသ ဖြစ်ခြင်းကြောင့် မိုးနည်းပြီး အပူပိုင်းဒေသ ဖြစ်ပါသည်။

(၂)ရာသီဉတု နှင့်သဘာဝအရင်းအမြစ်

ဒေါင်းမီးခွက်ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်သည့် ကျေးရွာဖြစ်ပါ သည်။ ကျေးရွာ၏ အရှေ့ဘက်တွင် နေပြည်တော်အမြန်လမ်းမကြီးနှင့် ကျေးရွာ၏ ရွာဝင်လမ်း တည်ရှိပြီး အနောက်ဘက်တွင် မြေစေးအိုင်ကျေးရွာနှင့် လယ်ကွင်းများရှိပြီး၊ တောင်ဘက်တွင် လယ်ကွင်းများနှင့် ဉယျာဉ်ခြံများ၊ အရှေ့မြောက်ဘက်တွင် ရာဘာခြံများတည်ရှိပါသည်။ ကျေးရွာ အတွင်းလယ်မြေ အသင့်အတင့်ရှိပြီး မြေဆီကောင်းမွန်သည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့် လယ်ယာ မြေဧကများသာရှိပြီး လယ်နှင့်ဉယျာဉ်ခြံများကို အဓိကထားစိုက်ပျိုးကြပါသည်။ ကျေးရွာအတွင်း သဘာဝ တွင်းထွက် သယံဇာတများ မထွက်ရှိပါ။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ဒေါင်းမီးခွက်ကျေးရွာအတွင်း အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့(၁)ဖွဲ့၊ ဖွံ့ဖြိုးရေးဆိုင်ရာအဖွဲ့၊ ဘာသာ ရေးဆိုင်ရာ၊ ကျန်းမာရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာအဖွဲ့အစည်းများလည်း ရှိပြီး ချေးငွေဆိုင်ရာအသင်းအဖွဲ့များလည်းရှိပါသည်။ ကျေးရွာအတွင်း ဖွဲ့စည်းထားသည့် အစုအဖွဲ့ များသည် မိမိတို့နှင့် သက်ဆိုင်ရာကဏ္ဍအလိုက်ဖြစ်သည့် လုပ်ငန်းတာဝန်များအား တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြပါသည်။ ပြင်ပမှ လူမှုရေးအဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့ အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်မှု အတန်အသင့်ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ သက်ဆိုင်ရာဌာနဆိုင် ရာအဖွဲ့အစည်းအနေဖြင့် မြို့နယ်လျှပ်စစ်ဦးစီးဌာနနှင့် မြို့နယ် ကျေးလက်ဦးစီးဌာနတို့မှကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးပါသည်။ အခြားဌာန ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးကိစ္စရပ်များ တစ်ခါတစ်ရံသာ ရှိပါသည်။

(၄) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေ အထားမှာ အသင့်အတင့်ရှိသည်။ ကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှု အနည်းငယ်သာရှိကြပါသည်။ အခြားသော စိုက်ပျိုးရေးသုံး လယ်ယာမြေသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုမရှိဘဲ ငှားရမ်းပြီး

ထွန်ယက်စိုက်ပျိုးကြရပါသည်။ စိုက်ပျိုးရေဖြင့် စိုက်ပျိုးနိုင်သည့် စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင် ကြရပါသည်။ ကျေးရွာ၏ စိုက်ပျိုးမြေများနှင့် ကျေးရွာ၏ ရာသီဥတုအနေအထားသည် စိုက်ပျိုး သီးနှံများစိုက်ပျိုးရန်အတွက် အဆင်ပြေသောကြောင့် ကျေးရွာစီးပွားရေး အနေအထားမှာ အသင့် အတင့်ကောင်းသည်ဟု ပြောနိုင်**ပါ**သည်။ သို့သော် သီးနှံပေါ်ချိန်တွင် ဈေးနှုန်းများကျဆင်းမှု၊ မြေသြဇာများ ဈေးနှုန်းမြင့်မားမှုနှင့် ဈေးကွက်လက်လှမ်းမီမှု နည်းပါးခြင်း များကြောင့် အမြတ်ရရှိမှုနည်းပါးပါသည်။ ချမ်းသာသော စိုက်ပျိုးရေးလုပ်ကိုင်သည့် အိမ်ထောင်စုများအပြင် အခြား အိမ်ထောင်စုအချို့မှာလည်း လက်သမား၊ ပန်းရံ၊ စိုက်ပျိုးရေးနေ့စားစသည့် ကျပန်းလုပ်ငန်းများ တွင်လည်း ဝင်ရောက်လုပ်ကိုင်ကြပါသည်။ ပြည်တွင်းအခြား ဒေသများသို့ စိုက်ပျိုးရေး၊ ဆောက် လုပ်ရေးလုပ်ငန်းများတွင် သွားရောက်လုပ်ကိုင်သည့် အိမ်ထောင်စုအချို့လည်း အဆင်ပြေကြပါ သည်။

(ခ) မွေးမြူရေးလုပ်ငန်း

ဒေါင်းမီးခွက်ကျေးရွာတွင် နွားမွေးမြူရေးလုပ်ငန်းကို တနိုင်တပိုင်မွေးမြူလုပ်ကိုင်သည့် အိမ်ထောင်စုအနည်းငယ်သာရှိကြပါသည်။ အခြားသော တိရစ္ဆာန် မွေးမြူရေး အနေဖြင့် ကျွဲ၊ ဝက်၊ ကြက် မွေးမြူမှုအနည်းငယ်သာရှိပါသည်။ မျိုးကောင်းမျိုးသန့်များ ရရှိနိုင်မှုမရှိခြင်း၊ ဈေးကွက် လက်လှမ်းမီမှုမရှိခြင်းနှင့် ဆောင်ရွက်ရန် ငွေကြေးအရင်းအနှီးများ၊ နည်းပညာ များမရှိခြင်းနှင့် စားကျက်မြေနှင့် တိရစ္ဆာန်အစာများရှားပါးခြင်းတို့ကြောင့် မွေးမြူရေး လုပ်ငန်းများဆောင် ရွက်နိုင်ခြင်းမရှိပါ။ စိုက်ပျိုးရေးကိုသာ ဘိုးစည်ဘောင်ဆက်လုပ်ကိုင်လာခြင်းနှင့် မွေးမြူရေး ဆောင်ရွက်ရန် ငွေကြေးအရင်းအနှီး မရှိခြင်းကြောင့် မွေးမြူရေးလုပ်ငန်းများအား စီးပွားဖြစ် လုပ်ကိုင်မှု မရှိသည်ကို တွေ့ရှိရပါသည်။

(ဂ)ငါးလုပ်ငန်း

ဒေါင်းမီးခွက်ကျေးရွာတွင် ရေနှင့် လယ်ယာမြေများနည်းပါးခြင်းကြောင့် ငါးမွေးမြူရေး လုပ်ငန်းဆောင်ရွက်ရန် အဆင်မပြေနိုင်ပါ။

(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောလုပ်ငန်းများ

ဒေါင်းမီးခွက်ကျေးရွာတွင် အဓိကထုတ်ကုန်လုပ်ငန်းမရှိပါ။ ပန်းရံ၊ လက်သမားများ၏ ဆရာအဆင့်မှာ ၁၃၀၀ဝ/ကျပ် မှ ၁၀၀၀၀/ကျပ်အထိ ရပါသည်။ အလုပ်ကြမ်းသမား အဆင့်မှာ ၈၀၀၀မှ ၅၀၀၀ ရရှိကြပါသည်။ သီးနှံများ ခူးဆွတ်ရိတ်သိမ်းချိန်များ အခြားသောကျေးရွာအတွင်း စိုက်ပျိုးရေး လုပ်ငန်းများ ဆောင်ရွက်ချိန်များတွင်

အမျိုးသားများနှင့်တန်းတူ အမျိုးသမီးများလည်း တစ်နေ့လျှင် လုပ်အားခမှာ **(၈၀၀၀)**မှ**(၅၀၀၀)**ကျပ်အထိ ရရှိကြပါသည်။ ကျေးရွာတွင် လုပ်အားခရရှိမှုမှာ အမျိုးသားနှင့်အမျိုးသမီး တူညီစွာ ရရှိကြပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင် သူဦးရေများပြားခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးနှင့် လူသားအရင်းမြစ်အတွက် အလားအလာကောင်းတစ်ရပ် ဖြစ်ပါသည်။ စက်ချုပ်သင်တန်း၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်သင်တန်း၊ မုန့်လုပ်ငန်းစသည့် အိမ်တွင်းမှုလုပ်ငန်းများနှင့် ဆိုင်ကယ် ပြင်သင်တန်း၊ စက်ပြင်သင်တန်း၊ ဝါယာထိန်း၊မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ အင်ဂျင်(ဝပ်ရှော့)ပြင် သင်တန်းစသော အသက်မွေးဝမ်းကျောင်း သင်တန်းများ တတ်မြောက်မှုနည်းပါးခြင်း ကြောင့် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်ရရှိမှု့ အခွင့်အလမ်းနည်းပါးပါသည်။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ဒေါင်းမီးခွက်ကျေးရွာမှ တောင်သူများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း အတွက် ပုဂ္ဂလိကချေးငွေအသင်းထံများ ချေးငွေများကို ချေးယူကြပါသည်။ သို့ရာတွင် ကျေးရွာအနေဖြင့် အိမ်ထောင်စုများပြားပြီး ချေးငွေအား အလုံ အလောက် မရရှိခြင်းကြောင့် ပညာရေး၊ ကျန်းမာရေးနှင့် စိုက်ပျိုးရေးလုပ်ငန်း အတွက် အရေး ပေါ်လိုအပ်လာပါက အတိုးပေးချေးသူ/ မိတ်ဆွေ/ ဆွေးမျိုးများ ထံတွင်ချေးယူရပြီး တစ်လလျှင် အတိုးနှုန်း **(၅)**ကျပ်မှ(၁၀)ကျပ်နှုန်းအထိ အတိုးကြီးမားစွာဖြင့် ချေးယူကြရပါသည်။

**(၅)** အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင် ကလေးများပညာသင်ကြားရန် မူလတန်းအဆင့် စာသင်ကျောင်း ရှိပါသည်။ ကျေးရွာတွင်းလမ်းများအားလုံးသည် ဂဝံမြေသားလမ်းများဖြစ်ခြင်းကြောင့် မိုးရာသီအချိန်တွင် သွားလာရ အခက်ခဲရှိပါသည်။ ကျေးရွာ၏ မီးလင်းရေးအနေဖြင့် မဟာဓာတ် အားလိုင်းမှ လျှပ်စစ်မီးကို တပ်ဆင်သွယ်တန်းထားပြီးဖြစ်သော်လည်း ဖြစ်သော်လည်း ငွေကြေး မတတ်နိုင်သည့် အိမ်ထောင်စု များအနေဖြင့် တပ်ဆင်နိုင်ခြင်းမရှိသေးပါ။ ဆက်သွယ်ရေးနှင့် ပတ်သက်ပြီးဖုန်းလိုင်း၊ အင်တာနက် လိုင်းအတန့်အသင့် ကောင်းမွန်ပါသည်။ ကျေးရွာသူ/သားများအနေဖြင့်ကျေးရွာ ဖွံ့ဖြိုးရေးကဏ္ဍ တွင်များစွာ စိတ်ပါဝင်စားလျှက်ရှိပြီး အကောင်အထည်ဖော်ဆောင်ရွက်သော လုပ်ငန်းအားလုံး၌ ပြီးမြောက်အောင်မြင်အောင် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက် တတ်ကြပါသည်။

(၆) ပညာရေး

ဒေါင်းမီးခွက်ကျေးရွာသည် မူလတန်းအခြေခံပညာစာသင်ကျောင်း (၁)ကျောင်းရှိပြီး အထက်တန်းကျောင်းရှိလျှင် ကျောင်းသားများအတွက်အဆင်ပြေစွာ ပညာသင်ကြားနိုင်မည် ဖြစ်ပါသည်။ အခြေခံပညာမူလတန်းကျောင်း တည်ဆောက်ဖွင့်လှစ်ပေးနိုင်ရန်အတွက် ကျေးရွာသူ/သား များ အနေဖြင့် လိုလားနေကြပါသည်။

(၇) ကျန်းမာရေး

ကျွန်ုပ်တို့ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိသောကြောင့် အရေးပေါ် ကိစ္စရပ်များအတွက်လည်းကူးဆေးရုံသို့ သွားရောက်ကုသကြပါသည်။ ကျေးရွာတွင် ကျန်းမာရေး ဌာနမှ ကျေးရွာသူ/သားများ၏ ကျန်းမားရေးကိစ္စများ၊ ကာကွယ်ဆေးထိုးနှံမှုတို့ကို ဆောင်ရွက် ပေးမှုများ ရှိပါသည်။ ကျေးရွာ၏ သောက်သုံးရေအတွက် အဝီစိတွင်းရေကို သောက်သုံးကြပါသည်။ ချမ်းသာသော အိမ်ထောင်စုများက အိမ်သာကိုအုတ်ဖြင့် ဆောက်လုပ်ကြပြီး ဆင်းရဲသော အိမ်ထောင်စုများက ဝါးရိုင်ပတ်ဖြင့် ဆောက်လုပ်သုံးစွဲကြသည်။ တစ်ရွာလုံးနီးပါး ယင်းလုံအိမ်သာ သုံးစွဲကြသဖြင့် ယင် ကြောင့် ဖြစ်ပွားတက်သော ဆက်စပ်ရောဂါများဖြစ်ပွားမှု နည်းပါသည်။ စာသင်ကျောင်းတွင်လည်း ယင်လုံအိမ်သာကို စနစ်တကျဆောက်လုပ်ထား သဖြင့် ကျောင်းသူ/သား များအတွက် အသုံးပြုရလွယ်ကူပါသည်။ ရာသီအကူးအပြောင်းကာလများတွင် တုတ်ကွေး၊ ဝမ်းပျက်/ဝမ်းလျှော ဖြစ်ပွားမှု များပြားပါသည်။

(၈) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်ကျင်ထိန်းသိမ်းရေး

ကျွန်ုပ်တို့ကျေးရွာသည် မြေပြန့်ဒေသဖြစ်၍ မိုးရာသီ၌ ရေကြီးခြင်း၊ ရေလွှမ်းခြင်းများ မရှိပါ။ ရန်ဖါရန်ခါ မိုးသီးကြွေကျခြင်း၊ လေပြင်းတိုက်ခတ်ခြင်းမှလွဲ၍ အခြား ဘေးအန္တာရာယ် ကျရောက်မှုများမရှိပါ။ ကျေးရွာတွင် စပါးခင်းများတွင်ဖျက်ပိုးများ ကျရောက်သဖြင့်ဓါတု ပိုးသတ်ဆေးများသုံးစွဲမှုများပြားလာခြင်း၊ ဓါတုဓာတ်မြေသြဇာများ သုံးစွဲမှုများပြားခြင်း တို့ကြောင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာပါသည်။ တောင်သူများ အနေဖြင့်ဓါတု ဗေဒပိုးသတ် ဆေးများကို အသုံးပြုမှုများပြားလာခြင်းနှင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု တွင်လည်း ပလပ်စတစ် အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ စွန့်ပစ်မှု အားနည်းခြင်းများ ကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နိုင်ပါသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင် ဆောင်ရွက်ပေးသင့်ပါသည်။

၉။ ကျား/မရေးရာ

ဒေါင်းမီးခွက်ကျေးရွာတွင် ကျား၊မရေးရာ ဆက်နွယ်မှုအနေအထားမှာ တည်ငြိမ်ကောင်းမွန်ပါ သည်။ မိသားစုများတွင် ကျား၊မတို့၏ အခန်းကဏ္ဍအသီးသီးကို

ရပ်ရွာသတ်မှတ်ချက်များအတိုင်း ကျင့်သုံးကြပါသည်။ ကျား၊မ အကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှု ခွဲခြားဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည်သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့် ဆိုင်သောကိန်းဂဏာန်းများတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းများရှိ ကျား၊ မအရေ အတွက်မှာ အလွန်ကွာခြားခြင်းမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့် အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်ပါသည်။ ကျေးရွာတွင် နေ့တွက်လုပ်အားခမှာ အမျိုးသားနှင့် အမျိုးသမီးများ တန်းတူရရှိကြပါသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီး ပါဝင်မှုတို့မှာ အလွန်နည်းပါးလျှက်ရှိသော်လည်း အခြားလူမှုရေးအသင်းအဖွဲ့များတွင် အသင့်အတင့် ပါဝင် ဆောင်ရွက်ကြပါသည်။ ကျား၊မ တန်းတူညီမှုနှင့် ပတ်သတ်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား၊ မတန်းတူညီမှု၊ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ် လာနိုင်ပါသည်။

(၁၀) ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ဒေါင်းမီးခွက်ကျေးရွာ၏ စီမံချက်အလိုက် ဦးစားပေးအစီအစဉ်များကိုဇယားဖြင့် ဖော်ပြထားပါ သည်။ ကျေးရွာလူထုများသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ် အစည်း အဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ခဲ့ကြပါသည်။ တချို့စီမံချက်များရေးဆွဲရာ တွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူ အညီများရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာလူထုမှ ဦးစားပေးနှစ်အလိုက် ရွေးချယ်ထားသော ဖော်ထုတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများကို သက်ဆိုင်ရာဦးစီးဌာနများ၏ ဘတ်ဂျတ် များတွင် လျာထားဆောင်ရွက်နိုင်ရေးအတွက် ဌာနနှင့် ကျေးရွာလူထုများမှ ဆက်လက်ဆောင်ရွက် သွားရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| **စဉ်** | စီမံချက်အမည် | ဦးစားပေး အဆင့် | ၂၀၂၅ ၂၀၂၆ | ၂၀၂၆ ၂၀၂၇ | ၂၀၂၇ ၂၀၂၈ | ၂၀၂၈ ၂၀၂၉ | ၂၀၂၉ ၂၀၃၀ |
|---|---|---|---|---|---|---|---|
| **၁** | ကျေးရွာတွင်းကွန်ကရစ်ခင်းခြင်း(**၄၁၅' x ၈' x ၆'**) | ၁ | √ | | | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| **၂** | ကျေးရွာတွင်းစာသင်ကျောင်းဆောင်အသစ် လိုအပ်ခြင်း၂၅၀၀စတုရန်းပေ | ၂ | √ | √ | | | |
| **၃** | လမ်းသွယ်များအားကွန်ကရစ်ခင်းခြင်း **(၅၀၀'x ၈' x၆"**) | ၃ | √ | √ | | | |
| **၄** | စာကြည့်တိုက်လိုအပ်ခြင်း(**၄၀'x၁၅'x**) | ၄ | | √ | √ | √ | √ |
| **၅** | စက်ရေတွင်း ၄ ၁/၂ Ø ၆၀၀'နှင့်ဂါလံ ၂၄၀၀ ဆံ့အမြင့်တင်ရေစင် | ၅ | | √ | √ | √ | √ |

(၁၁) ဒေါင်းမီးခွက်ကျေးရွာ ဦးစားပေးလုပ်ငန်းများ အဆင့်ခွဲခြားသတ်မှတ်ချက်

| စဉ် | စီမံချက်အမည် | အကဲဖြတ် အမှတ်ပေးသူ အဖွဲ့(၁) | အကဲဖြတ် အမှတ်ပေးသူ အဖွဲ့(၂) | အကဲဖြတ် အမှတ်ပေးသူ အဖွဲ့(၃) | အကဲဖြတ် အမှတ်ပေးသူ အဖွဲ့(၄) | အကဲဖြတ် အမှတ်ပေးသူ အဖွဲ့(၅) | စုစုပေါင်း | အဆင့် |
|---|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းကွန်ကရစ်ခင်းခြင်း(**၄၁၅' x ၈' x ၆'**) | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၅၀ | ၁ |
| ၂ | ကျေးရွာတွင်းစာသင်ကျောင်းဆောင်အသစ်လိုအပ်ခြင်း၂၅၀၀စတုရန်းပေ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၉ | ၄၉ | ၂ |
| ၃ | လမ်းသွယ်များအားကွန်ကရစ်ခင်းခြင်း **(၅၀၀’x ၈’ x၆”**) | ၈ | ၁၀ | ၁၀ | ၈ | ၁၀ | ၄၅ | ၃ |
| ၄ | စာကြည့်တိုက်လိုအပ်ခြင်း(**၄၀’x၁၅’x**) | ၈ | ၈ | ၈ | ၈ | ၈ | ၄၀ | ၄ |
| ၅ | စက်ရေတွင်း ၄ ၁/၂ Ø ၆၀၀’နှင့်ဂါလံ ၂၄၀၀ ဆံ့အမြင့်တင်ရေစင် | ၇ | ၇ | ၇ | ၇ | ၇ | ၃၅ | ၅ |

**(၁၂)** ဒေါင်းမီးခွက်ကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | တာဝန် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဦးဘိုဘိုဦး | ဦးအောင်ကျော်ဦး | ၁၄/သပန(နိုင်)၁၁၄၆၁၁ | ဥက္ကဌ | |
| ၂ | ဦးမျိုးမျိုး | ဦးအုန်းသန်း | ၁၄/ကပန(နိုင်)၁၃၄၃၃၉ | အတွင်းရေးမှူး | |
| ၃ | ဦးစောဂါးနက် | ဦးစောစံမင်း | ၃/ဘအန(နိုင်)၁၆၂၀၄၁ | ဘဏ္ဍာရေးမှူး | |
| ၄ | ဦးစောထားခင် | ဦးကရီးရှိ | ၁၂/လကန(နိုင်)၂၀၁၂၄၃ | စာရင်းကိုင် | |
| ၅ | နော်တာမလာစေး | ဦးဆဲထိ | ၁၂/လကန(နိုင်)၂၁၂၇၆၇ | အဖွဲ့ဝင် | |
| ၆ | နော်စေးဝါး | ဦးစောသခူ | ၁၂/လကန(နိုင်)၁၉၀၇၀၁ | အဖွဲ့ဝင် | |
| ၇ | နော်အယ်လွဲဖော | ဦးစောဘဖိုးလ | ၁၂/လကန(နိုင်)၂၁၀၄၇၄ | အဖွဲ့ဝင် | |

ဒေါင်းမီးခွက်ကျေးရွာ ဝယ်ယူရေးဆပ်ကော်မတီစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | တာဝန် | မှတ်ချက် |
|---|---|---|---|---|---|
| **၁** | ဦးမျိုးမျိုး | ဦးအုန်းသန်း | ၁၄/ကပန(နိုင်)၁၃၄၃၃၉ | အတွင်းရေးမှူး | |
| **၂** | ဦးစောဂါးနက် | ဦးစောစံမင်း | ၃/ဘအန(နိုင်)၁၆၂၀၄၁ | ဘဏ္ဍာရေးမှူး | |
| **၃** | ဦးစောထားခင် | ဦးကရီးရှိ | ၁၂/လကန(နိုင်)၂၀၁၂၄၃ | စာရင်းကိုင် | |

## စီမံချက်ဆိုင်ရာ အချက်အလက်များ
## စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ ( Project Profile )

ကျေးရွာ - ဒေါင်းမီးခွက်ကျေးရွာ
ကျေးရွာအုပ်စု - ငွေးတောက်အိုင်ကျေးရွာအုပ်စု
မြို့နယ် **-** လှည်းကူးမြို့နယ်
တိုင်း/ပြည်နယ် - ရန်ကုန်တိုင်းဒေသကြီး

စီမံချက်အမည် - ကျေးရွာတွင်းကွန်ကရစ်ခင်းခြင်း(**၄၁၅' x ၈' x ၆'**)

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

ကျေးရွာအနေဖြင့် မိုးရာသီကာလများတွင် လမ်းများပျက်စီးနေခြင်းကြောင့်နှစ်စဉ် ရဟန်းခံပြည်သူများနှင့် ကလေးသူငယ်၊ ကျောင်းသား/ကျောင်းသူများအဆင်ပြေချောမွေ့စေရန် လိုအပ်ရခြင်းဖြစ်ပါသည်။

စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီး ကောင်းမွန်သောလမ်း ရရှိရေး အတွက်ဆောင်ရွက်သွားမည်။ ရေရှည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် လမ်းကော်မတီဖွဲ့စည်းထားပါမည်။

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းဖြင့် သွားလာရေးကောင်းမွန်လာမည့်အပြင် ရေရှည်လုပ်ငန်းတည်တံ့ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးကဏ္ဍများအပြင်၊ ထိန်းသိမ်းသည့် အနေဖြင့်လမ်းအားစနစ်တကျနှင့် အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် လမ်းကော်မတီမှ တာဝန်ယူဖြေရှင်းသွားမည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏ လုပ်ရမည် )

သက်ဆိုင်ရာဦးစီးဌာန၏ ထောက်ပံ့ငွေ၊နည်းပညာအကူအညီနှင့် ကျေးရွာသူ/သားများ၏ လုပ်အား၊ ထည့်ဝင်ငွေ များဖြင့်လုပ်ငန်းအား အရည်သွေးပြည့်မီစွာနှင့် သတ်မှတ်ကာလအတွင်း

| လုပ်ငန်းအား အောင်မြင်စွာ ဆောင်ရွက်သွားမည်။ | |
|---|---|
| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု | |
| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
| • ၁၅၀၀၀၀၀၀/-(ငွေသား)<br>• ၃၀၀၀၀၀၀/- (ငွေသား)<br>• (ပစ္စည်း/လုပ်အား) | • ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | **၁၄၄** | **၁၂၇** | **၂၇၁** | ၁၀ | ၁၀ | ၄၀ | ၈ | ၆၈ |
| အကျိုးခံစားမည့်သူ ဦးရေ | **၁၄၄** | **၁၂၇** | **၂၇၁** | ၁၀ | ၁၀ | ၄၀ | ၈ | ၆၈ |
| မှတ်ချက်။ ချောင်လည်အဆင့် - ၁၊ အလယ်အလတ်အဆင့် -၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ - ၄ | | | | | | | | |

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

| | |
|---|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း( များ )<br>- ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ<br>- ကျေးရွာလူထု<br>- ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| (၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း -၂၆.၈.၂၀၂၅ |
| (၃) စီမံချက် ပြီးစီးမည့် အချိန် - |
| (၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -<br>ကျေးရွာသူ/သားများအနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းအား အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ငွေအား/လုပ်အား/ကုန်ကြမ်းပစ္စည်းများ |

| |
|---|
| ရရှိနိုင်ရေး အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး/ရွာသူကြီး၊ ဆယ်အိမ်မှူး/ ရာအိမ်မှူးများ၊ ကျေးရွာရပ်မိရပ်ဖများမှ ဦးဆောင်၍ ရွာလုံးကျွတ် အစည်းအဝေး ကျင်းပပြုလုပ် ခြင်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေး ဆိုင်ရာ အစီအစဉ်များ<br>ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ၊ ရပ်မိရပ်ဖများနှင့် ရွာသူရွာသား များ ပူးပေါင်း၍ လုပ်ငန်းများအချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်မှီရေးတို့ကို ဆောင်ရွက်သွား မည်ဖြစ်ပြီး ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းအတွက် ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီနှင့် ရပ်ရွာမှ တာဝန်ပေးအပ်ထားသောသိတတ်နားလည်သည့် ကြီးကြပ်သူ များမှဦးဆောင်မှုဖြင့် ကျေးရွာသူ/သားများ ပူးပေါင်း၍ လုပ်ငန်းလည်ပတ်နိုင်ရေးနှင့် ငွေကြေးဆိုင် ရာကိစ္စရပ်များအား စနစ်တကျဆောင်ရွက်သွားမည်ဖြစ်ပါသည်။ |

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

**(၁)** ကျေးရွာလူမှုစီးပွားရေးအခြေအနေ

**(က)** လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား **(** ၁**)** လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၄ | ၂ | ၆ | - | - |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၁ | ၃ | ၁၄ | - | - |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၂၀ | ၂၅ | ၄၅ | - | - |

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၃၀ | ၃၀ | ၆၀ | - | - |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၇၀ | ၆၀ | ၁၃၀ | - | - |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၉ | ၇ | ၁၆ | - | - |
| စုစုပေါင်း | | ၁၄၄ | ၁၂၇ | ၂၇၁ | ၄ | ၅ |
| စုစုပေါင်း အိမ်ထောင်စု | | ၆၈ | | | | |

ရင်းမြစ် **…** (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စုခနှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ ၆၄နှစ်ဆိုသည်မှာ အသက် (၁၅)နှစ် ပြည့်သည်မှာ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက် အသက်ကြီးသည့်အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်အလုပ်လုပ်နိုင်သော (၁၅)နှစ်မှ(၄၆)နှစ်အထိ လူဦးရေများပြားပါသည်။

**(ခ)** အလုပ်လုပ်နိုင်သူအင်အား

**(ခ-၁)** လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား **(၂)** လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် | ရပ်တည်နိုင်မှု |
|---|---|---|---|---|---|---|---|
| | | အိမ် | မိသား | အမျိုးသ | ဦးရေ | | |

| | | ထောင်စု | စုဝင်လုပ်အား | မီးဦးဆောင်သည့်အိမ်ထောင်စု | ကျား | မ | သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၀ | ၁၀ | ၁ | ၁၅ | ၁၀ | | မြင့် ☑<br>လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၄၅ | ၁၀၀ | ၅ | ၄၀ | ၅ | | မြင့် ☑<br>လတ်☐<br>နိမ့် ☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် | | | | | | | မြင့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင် ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖ တ်ပြီးမှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | လုပ်ငန်း | | | | | | | လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | | | | | | | |
| | ကိုယ်ပိုင် | | | | | | | မြင့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | လုပ်ငန်း | | | | | | | လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | | | | | | | | နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင် ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖ တ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ် ☐<br>နိမ့် ☐ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐<br>လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ် ☐<br>နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐<br>လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ် ☐<br>နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐<br>လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား | | | | | | | မြင့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | မား / ဝန်ထမ်း | | | | | | | လတ်☐ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | | | | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | စုစုပေါင်း | **၆၅** | **၁၁၀** | **၆** | **၅၅** | **၁၅** | | ☒ |

ရင်းမြစ် **...** (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်

လုပ်ကိုင်သူများ”အရေအတွက်တွင်“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ “ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)” ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ -“စိုက်ပျိုးရေး” ကဏ္ဍ၏ “ကိုယ်ပိုင်လုပ်ငန်း”တွင်ရပ်တည်နိုင်မှု “မြင့်” ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ မိမိတို့ကျေးရွာတွင် အဓိကအားဖြင့် လယ်ယာလုပ်ငန်းနှင့်ကျပန်းလုပ်ငန်းများကိုသာ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။

**(ခ-၂)** လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

ဇယား **(၃)** လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

| **စဉ်** | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၈၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၁၅၀၀၀ | ၁၀၀၀၀ | ၁၂၀၀၀ - | ၈၀၀၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၃၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၆၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား | နေ့စား | - | - | - | - |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | ရောင်းဝယ်ရေး | | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | - | - | - | - |

ရင်းမြစ် **...** ဦးတည်အုပ်စုဆွေးနွေးခြင်း **-** ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်**(**၁**)** လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ **= (**လစာ**÷**၂၂.၇၅**)**

**(**၂**)** နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ **= (**တစ်နာရီဝင်ငွေ**×**၈**)**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေး လုပ်ငန်းအဓိကလုပ်ကိုင်ကြသဖြင့် အလုပ် သမား လုပ်အားခများအနေဖြင့် အမျိုးသား/သမီးတန်းတူရမှာ ဟွာဟမှု မရှိပါ။ လက်သမား၊ပန်းရံ လုပ်ငန်း တွင်သာလျှင် ကျား/မ လုပ် အားခ ကွာဟမှုရှိပါသည်။

**(**ဂ**)** သဘာဝရင်းမြစ်များ

**(**ဂ**-**၁**)** စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား **(**၄**)** ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ **(**ဧက**)** | မြေဆီလွှာအရည်အသွေး**(**မှန်ရာ<u>တစ်ခုကိုသာ</u>ရွေး ရန်**)** |
|---|---|---|
| လယ်မြေ | **၈၀** | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ယာမြေ **/** တောင်ယာမြေ | **-** | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ကိုင်း**/**ကျွန်းမြေ**(**ကျွန်မျှော**)** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | **-** | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | **-** | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | **-** | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | **၅၀** | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုး မျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေး လုပ်ကိုင် နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စိုက်ပျိုးရေးမြေဧက (၈၀)ဧကရှိပါသည်။

**(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

ဇယား **(၅)** ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု **(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်)** | အသုံးချနိုင်မှု **(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်)** | **လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်)** |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ **(ဓာတ်ငွေ့ရေနံ၊ကျောက်မျက်စသည်။)** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☑ နည်း ☐မရှိ ☐ | လွယ် ☑ ခက်☐အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐အပြောင်းအလဲမရှိ ☐ |
| သဘာဝအပင်မျိုးစိတ်များ **(နွားစာ၊ဆေးဘက်ဝင်အပင်များ)** | များ ☐ သင့်☐ နည်း ☑မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိ | များ ☐ သင့်☐ | ☒ | လျော့ ☐ တိုး ☐ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| တ်များ | နည်း ☐မရှိ ☑ | | အပြောင်းအလဲမရှိ ☐ |
| ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း) | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သစ်တော - အပူပိုင်းသစ်တော | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သစ်တော - ဒီရေတောများ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။ လေ့လာတွေ့ရှိချက်။ ။မိမိတို့ကျေးရွာတွင် သတ္တုနှင့် သဘာဝတွင်းထွက်ပစ္စည်းမရှိပါ။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| | | | | မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၁၀ | ၁၀ | ၄၀ | ၈ |

ရင်းမြစ် **... (၁)** ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိ အိမ်ထောင်စုများအား ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် အများစု သည် အဆင်မပြေသောအိမ်ထောင်စုနှင့် မပြေလည်သောအိမ်ထောင်စုများပြားပြီး အလယ်အလတ် နှင့် အဆင်ပြေသော အိမ်ထောင်စု နည်းပါးကြောင်းလေ့လာတွေ့ရှိရပါသည်။ကျေးရွာတွင် စိုက်ပျိုး ရေးလုပ်ငန်းလုပ်ကိုင်မှုများပြားပြီး စိုက်ပျိုးငွေအရင်းအနှီးနှင့် သွင်းအားစု လိုအပ်ချက်များကြောင့် အဆင်ပြေသောအိမ်ထောင်စု နည်းပါးပါသည်။

**(င)** ထိခိုက်လွယ်မှု

**(င-၁)** ဝမ်းစာဖူလုံမှု

ဇယား **(၇)** ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ **(ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)**

